မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၁

၂၀၁၃ ခု၊ စက်တင်ဘာလ

ဤသတင်းလွှာတွင်

ပင်မသတင်း
၂ အစိုးရထိုးစစ်များဆက်လက်ပြုလုပ်နေ
၂ ကချင်လူမျိုးများ အဖမ်းဆီးခံ၊ အသတ်ဖြတ်ခံနေရ
၃ လိုင်ဇာသို့ UN အကူအညီများရောက်ရှိ
၃ အစိုးရ၏အဆိုပြုချက်တိုင်းရင်းသားများငြင်းပယ်
မြန်မာနိုင်ငံပြည်တွင်းသတင်းများ
၃ ရခိုင်ပြည်နယ်မှနောက်ထပ်ချိုးဖောက်မှုများ
၄ မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား
၄ ၉၆၉ အဖွဲ့ပိတ်ပင်ခံရ
၅ ရွှေဝါရောင်တော်လှန်ရေးနှစ်ပတ်လည်
၅ အစိုးရမှ IAEA သဘောတူစာချုပ်ကိုလက်မှတ်ထိုး
လူ့အခွင့်အရေး
၅ ငြိမ်းချမ်းစွာဆန္ဒပြသူ ၁၈ ဦးထောင်ချခံရ
အိုးအိမ်မှဖယ်ရှားခံရမှုများ
၆ ရိုဟင်ဂျာလှေစီးဒုက္ခသည်များ
နိုင်ငံတကာသတင်း
၆ ရိုဟင်ဂျာများအားအကာအကွယ်ပေးရန်တိုက်တွန်း
၆ ထိုင်းနှင့်မြန်မာအစိုးရဆွေးနွေးပွဲ
၇ ဒေါ်စု၏နိုင်ငံခြားခရီးစဉ်များ
စီးပွားရေး
၈ အစိုးရ၏နိုင်ငံခြားမှငွေကြေး
၈ FDI မြင့်တက်လာ
၈ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၁ အစီရင်ခံစာများ

- ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အစိုးရစစ်တပ်၏ ထိုးစစ်များနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများဆက်လက်ဖြစ်ပေါ်လျက်ရှိပါသည်။ ကချင်ပြည်နယ်တွင် အစိုးရတပ်များက အရပ်သားနှစ်ဦးကိုသတ်ဖြတ်ခဲ့ကြကာ အမျိုးသမီးတဦးအား မုဒိမ်းပြုကျင့်ခဲ့ကြသည်။
- ၂၀၁၁ ခုနှစ်ကတည်းကပထမဦးဆုံးအနေဖြင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ် လိုင်ဇာရှိ IDP များအတွက်ပံ့ပိုးထောက်ပံ့ပေးနိုင်ရန် UN မှအကူအညီယာဉ်တန်းနှစ်ခုအား အစိုးရကသီးခြားစီခွင့်ပြုပေးခဲ့သည်။
- စစ်တပ်ထိုးစစ်များရပ်တန့်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အားလုံးနှင့်အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ရန်တို့အပါအဝင် အဖွဲ့၏အဓိကတောင်းဆိုချက်များနှင့် နေပြည်တော် (အစိုးရ) မှကိုက်ညီမှုမရှိသေးသောကြောင့် အောက်တိုဘာလတွင်ပြုလုပ်မည့် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပွဲအခမ်းအနားအတွက် အစိုးရမှအဆိုပြုလာမှုကို ညီညွတ်သောတိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (UNFC) ကပယ်ချလိုက်သည်။
- ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များသည် ရိုဟင်ဂျာနှင့်မွတ်စလင်များအပေါ် ပြင်းထန်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများအားဆက်လက်ကျူးလွန်နေကြသည်။ ရခိုင်ပြည်နယ်သံတွဲတွင်နောက်ထပ် မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း သတင်းများရရှိခဲ့သည်။
- အာဏာပိုင်များ၏ကြိုတင်ခွင့်ပြုချက်ရယူခြင်းမရှိပဲ ဆန္ဒပြခဲ့ကြ၍ဟုဆိုကာ ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသူ ၁၈ ဦးအား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေဖြင့် အစိုးရမှထောင်ဒါဏ်များချမှတ်ခဲ့သည်။
- ဒေါ်အောင်ဆန်းစုကြည်သည် အရှေ့ဥရောပနှင့်စင်္ကာပူတို့သို့ သွားရောက်ခဲ့ကာ ထိုခရီးစဉ်များအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန်လိုအပ်မှုကို ထပ်လောင်းပြောကြားခဲ့ ပြီး မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များအား သုံးသပ်ရာတွင် 'မျက်ကန်းအကောင်းမြင်မှု' အပေါ်လည်းသတိပေး ပြောကြားခဲ့သေးသည်။
- နိုင်ငံခြားဘဏ်ငွေစာရင်းများတွင် အမျိုးသားဘတ်ဂျက်ငွေ ကြေးများအပါအဝင် အရံနိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၇.၆ ဘီလီယံကို အစိုးရမှထားထားပါသည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဝန်ခံပြောကြားလိုက်သည်။
- ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ပထမငါးလတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြုပ်နှံမှု အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယမ် အထိရှိခဲ့သည်ဟု မြန်မာနိုင်ငံမှအတည်ပြုပြောကြားလိုက်ကာ ထိုပမာဏသည်ယခင်ဘဏ္ဍာရေးနှစ်တခုလုံးထက်ပင်များပြားပါသည်။

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

ပင်မသတင်းများ

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှ အစိုးရတပ်များ၏ထိုးစစ်များ

စက်တင်ဘာလတွင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ အစိုးရတပ်များသည်ထိုးစစ်များဆက်လက်ပြုလုပ်နေခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုသုံးခုဖြစ်သော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N)၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့နှင့်အစိုးရတပ်များအကြားဖြစ်ပွားနေဆဲဖြစ်သောတိုက်ပွဲများက အစိုးရမှငြိမ်းချမ်းရေးအဆိုပြုချက်၏ရိုးသားမှုအပေါ် စိုးရိမ်စိတ်များဖြစ်ပေါ်လာစေခဲ့ပါသည်။ [အောက်မှ *အစိုးရ၏တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကိုတိုင်းရင်းသားအုပ်စုများမှငြင်းပယ်* တွင်ကြည့်ပါ။] သတင်းရရှိသော တိုက်ပွဲများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- **စက်တင်ဘာ ၃** - ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် ခမရ ၅၇၈ မှအစိုးရတပ်များနှင့် KIA တပ်များအကြားတိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **စက်တင်ဘာ ၁၀** - ကချင်ပြည်နယ် မန်စီမြို့နယ်တွင် ခမရ ၅၀၇ မှအစိုးရတပ်များနှင့် KIA တပ်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **စက်တင်ဘာ ၁၀** - ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်တွင် အစိုးရတပ်များက SSA-N ၏တပ်စခန်းများအားတိုက်ခိုက်ခဲ့ကြသည်။
- **စက်တင်ဘာ ၁၁** - ကချင်ပြည်နယ် မန်စီမြို့နယ် နမ်ဖုအနီးတွင် အစိုးရတပ်များနှင့် KIA တပ်များအကြားတိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **စက်တင်ဘာ ၁၁** - ကချင်ပြည်နယ် မန်စီမြို့နယ်ရှိ နှစ်ဘက်တပ်များဝင်ထွက်သွားလာနေသောနေရာများတွင် အစိုးရတပ်များနှင့် KIA တပ်များအကြားတိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **စက်တင်ဘာ ၁၄** - ကချင်ပြည်နယ် မန်စီမြို့နယ်တွင်အစိုးရတပ်များက KIA တပ်များအားတိုက်ခိုက်ခဲ့ကြသည်။
- **စက်တင်ဘာ ၁၇** - ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်မန်ရင်းတွင် အစိုးရတပ်များနှင့် SSA-N တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **စက်တင်ဘာ ၂၃** - ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်တွင် အစိုးရတပ်များက SSA-N ၏တပ်စခန်းများအားတိုက်ခိုက်ခဲ့ကြသည်။
- **စက်တင်ဘာ ၂၄** - ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

ကချင်အရပ်သားများ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခံရ

အစိုးရတပ်များသည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အပေါ်ထိုးစစ်များပြုလုပ်သည့်အပြင် အရပ်သားများအပေါ်လည်း ပြင်းထန်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေကြသည်။

- **စက်တင်ဘာလအစောပိုင်း** - ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ခဂရွာတွင် ဩဂုတ်လ ၂၉ ရက်နေ့က KIA နှင့်အဆက်အသွယ်ရှိသည်ဟူသော သံသယဖြင့်ဖမ်းဆီးထိန်းသိမ်းထားသည့် ဒေသခံရွာသား ၁၀ ဦးအုပ်စုမှ အရပ်သားနှစ်ဦးအား အစိုးရတပ်မှစစ်သားများက ညှင်းပန်းနှိပ်စက်၍သတ်ဖြတ်ခဲ့ကြသည်။
- **စက်တင်ဘာ ၂၇** - ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ခဂရွာတွင် အသက် ၂၉ နှစ်အရွယ်အမျိုးသမီးတဦးအား ခမရ ၁၃၇ မှအစိုးရတပ်သားများက မုဒိမ်းပြုကျင့်ခဲ့သည်ဟုသတင်းများရရှိခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကချင်ပြည်နယ်တဝှန်းမှ အနည်းဆုံးအမျိုးသား ၇၀ ဦးတို့သည် ထောင်အတွင်းတွင်ရှိနေဆဲသို့မဟုတ် KIA နှင့်ဆက်သွယ်သည်ဟူသော စွဲဆိုချက်အပေါ်တရားရင်ဆိုင်ရန်စောင့်ဆိုင်းနေရဆဲဖြစ်သည်ဟု စက်တင်ဘာ ၂ ရက်နေ့တွင် သတင်းများရရှိသည်။

လိုင်ဇာမှ IDP များအားအကူအညီများပေးပို့ရန် အစိုးရမှ UN ကိုခွင့်ပြုခဲ့

၂၀၁၁ ခု ဒီဇင်ဘာလကတည်းက ပထမဆုံးအနေဖြင့် ကချင်ပြည်နယ်မိုးမောက်မြို့နယ်လိုင်ဇာမှ IDP များအား ယာယီ ပံ့ပိုးထောက်ပံ့မှုများပေးပို့နိုင်ရန် UN အကူအညီပေးရေးယာဉ်တန်းနှစ်ခုအား အစိုးရမှသီးခြားစီခွင့်ပြုခဲ့သည်။

- **စက်တင်ဘာ ၇** - လူပေါင်း ၄၃၀၀ အတွက်အစားအစာ၊ဆေးဝါးနှင့်အခြားပစ္စည်းအမျိုးအမည်များ သယ်ဆောင်လာသည့် UN အကူအညီပေးရေးယာဉ်တန်းတခုသည် လိုင်ဇာသို့ဆိုက်ရောက်လာခဲ့သည်။ အကူအညီများသည်တလသာ ခံမည်ဖြစ်ပြီး KIA ထိန်းချုပ်နယ်မြေများမှ မှတ်ပုံတင်ထားသော IDP ၅၃၀၀၀ တို့အားပုံမှန်နှင့်ထိရောက်သောပံ့ပိုးထောက်ပံ့မှုများ နောက်ထပ်ပို့ပေးနိုင်ရန်အတွက် အစိုးရ၏ခွင့်ပြုချက်ကို UN မှစောင့်ဆိုင်းနေဆဲဖြစ်ကြောင်း UN မှ ပြောရေးဆိုခွင့်ရှိသူ ဦးအေးဝင်းကပြောကြားလိုက်သည်။
- **စက်တင်ဘာ ၁၇** - လိုင်ဇာမှ IDP ၄၀၀၀ တို့အတွက် အစားအစာနှင့်ဆေးဝါးအကူအညီများကို UN အေဂျင်စီများနှင့် နယ်စည်းမခြားဆရာဝန်များအဖွဲ့တို့မှ အရာရှိများကပေးပို့ခဲ့ကြသည်။

အစိုးရ၏တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကိုတိုင်းရင်းသားအုပ်စုများမှငြင်းပယ်

နေပြည်တော်က ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ တအောင်းလွတ်မြောက်ရေးတပ်မတော် (TNLA) တို့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်မထိုးနိုင်သေးသော်လည်း သမ္မတရုံးဝန်ကြီးဦးအောင်မင်းက အစိုးရသည်အောက်တိုဘာလတွင် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပွဲကိုကျင်းပရန် စီစဉ်ပြီးဖြစ်ပါသည်ဟု စက်တင်ဘာလ ၈ ရက်နေ့ကကြေငြာခဲ့သည်။ ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် စက်တင်ဘာလ ၈ ရက်နေ့ကပြုလုပ်သည့် အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (UNFC)ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံပွဲအတွင်း ဦးအောင်မင်း၏ထိုအဆိုပြုချက်ကို UNFC ကငြင်းပယ်ခဲ့ပါသည်။ UNFC မှအစိုးရ၏အဆိုပြုချက်ကို ငြင်းပယ်လိုက်ရခြင်းမှာ စစ်တပ်ထိုးစစ်များရပ်တန့်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အားလုံးနှင့်အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ရန်တို့အပါအဝင် အဖွဲ့၏အဓိကတောင်းဆိုချက်များနှင့် နေပြည်တော်(အစိုးရ)မှကိုက်ညီမှုမရှိသေးသောကြောင့်ဖြစ်သည်ဟုပြောကြားလိုက်သည်။

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

ရခိုင်ပြည်နယ်မှနောက်ထပ်အကြမ်းဖက်မှုများနှင့် စစ်တပ်များပိုမိုချထားနိုင်ရန်လုပ်ဆောင်ခြင်း

ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များသည် ရိုဟင်ဂျာများအပါအဝင် မွတ်စလင်များအပေါ်ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအားဆက်လက်ကျူးလွန်နေကြသည်။

- **စက်တင်ဘာ ၁** - ရခိုင်ပြည်နယ် မြောက်ဦးမှရဲများသည် အာဏာပိုင်များ၏ခွင့်ပြုချက်မရပဲ ရန်ကုန်သို့သွားရောက်သည့်အတွက်ဟုဆိုကာ မွတ်စလင် ၇ ဦးအားဖမ်းဆီးလိုက်သည်။
- **စက်တင်ဘာ ၃** - ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှရဲများက ညအိပ်ညနေဧည့်သည်များထားရှိခြင်းကို သတင်းပို့ရန် ပျက်ကွက်ခဲ့၍ဟုဆိုကာ ရိုဟင်ဂျာအမျိုးသားနှစ်ဦးအား ဖမ်းဆီးလိုက်သည်။
- **စက်တင်ဘာ ၁၂** - ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ရဲများကဖမ်းဆီးထိန်းသိမ်းပြီးနှိပ်စက်ညှင်းပန်းခဲ့သည့်အတွက် ရိုဟင်ဂျာအမျိုးသားတဦးသေဆုံးခဲ့သည်။
- **စက်တင်ဘာ ၁၉** - အနီးအနားမှတောထဲတွင် ထင်းရှာဖွေပြီးပြန်လာသည့် ကလေးတဦးအပါအဝင် ရိုဟင်ဂျာလေးဦးအား ရခိုင်ပြည်နယ်မောင်တောမြို့နယ်မှအစိုးရစစ်သားများက ဖမ်းဆီးခဲ့သည်ဟုသတင်းများရရှိခဲ့သည်။
- **စက်တင်ဘာ ၂၀** - ညှင်းပန်းနှိပ်စက်မှုနှင့်ဆိုးဝါးသည့်အကျဉ်းထောင်အခြေအနေတို့ကြောင့် ရခိုင်ပြည်နယ်ဘူးသီးတောင် အကျဉ်းထောင်အတွင်းတွင် အသက် ၆၄ နှစ်အရွယ်ရိုဟင်ဂျာအကျဉ်းသားတဦးသေဆုံးခဲ့သည်။

- **စက်တင်ဘာ ၂၁** - မြို့နယ်အတွင်း ၂၀၁၂ ခုနှစ်ဇွန်လအတွင်းကဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင်ပါဝင်ပတ်သက်ခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် အသက် ၄၀ အရွယ်ရိုဟင်ဂျာတဦးအား ရခိုင်ပြည်နယ်မောင်တောမြို့နယ်မှရဲများကဖမ်းဆီးလိုက်ကြသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ နောက်ထပ်စစ်တပ်များနှင့်ရဲတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့မှုများသည် ရိုဟင်ဂျာများအပေါ် နောက်ထပ်အကြမ်းဖက်မှုများဖြစ်လာနိုင်သောအန္တရာယ်နှင့်ပတ်သက်သည့် စိုးရိမ်မှုများကိုမြင့်တက်လာစေခဲ့ပါသည်။ စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီးရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အစိုးရတပ်ရင်းသုံးခုကို အစိုးရမှစေလွှတ်ပြီးဖြစ်သည်ဟု သတင်းများရရှိခဲ့ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များသည် ဒေသတွင်းသို့နောက်ထပ်ရဲတပ်ရင်းနှစ်ခု စေလွှတ်ရန်လည်းပြင်ဆင်နေခဲ့ကြပါသည်။

ရခိုင်ပြည်နယ်မှနောက်ထပ် မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ

စက်တင်ဘာလတွင် မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများ ထပ်မံ၍ပြန့်ပွားလာပြန်ပါသည်။ မွတ်စလင်ဆိုင်ရှင်တဦးက သူ့အားနှုတ်ဖြင့်ကြမ်းတမ်းစွာစော်ကားပါသည်ဟု ဗုဒ္ဓဘာသာဝင်တဦးကရဲများအားပြောကြားအပြီး စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဗုဒ္ဓဘာသာအုပ်စုတစုက ရခိုင်ပြည်နယ်သံတွဲမြို့တွင်အနည်းဆုံးမွတ်စလင်အိမ် ၂ လုံးအားမီးတင်ရှို့ခဲ့ကြပါသည်။

တချိန်တည်းတွင်ပင် အစိုးရကဘာသာရေးအဓိကရုဏ်းများနှင့်ဆက်စပ်ကာ နောက်ထပ်လူများကိုထောင်ဒဏ်များချမှတ်ခဲ့ကြသည်။

- **စက်တင်ဘာ ၄** - ဗုဒ္ဓဘာသာဝင်အမျိုးသမီးတဦးအား မုဒိမ်းကျင့်ရန်ကြိုးပမ်းအားထုတ်မှုအတွက် အသက် ၁၈ နှစ်အရွယ် မွတ်စလင်အမျိုးသားတဦးအား စစ်ကိုင်းတိုင်းကန့်ဘလူမြို့နယ်မှတရားရုံးတခုက ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့ပါသည်။ ထိုဖြစ်ရပ်သည် ဩဂုတ်လ ၂၄ ရက်၌ မြို့နယ်အတွင်းတွင် မွတ်စလင်ဆန့်ကျင်တိုက်ခိုက်မှုများစတင်ဖြစ်ပေါ်လာစေခဲ့သည်။[*၂၀၁၃ ခုဩဂုတ်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]
- **စက်တင်ဘာ ၂၄** - ဧပြီလအတွင်းကမြို့နယ်အတွင်းဖြစ်ပွားခဲ့သော မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများအတွင်းတွင် မီးရှို့မှု၊ ပြည်သူ့ပစ္စည်းဖျက်ဆီးမှုစသည့်စွဲဆိုမှုတို့ဖြင့် ဗုဒ္ဓဘာသာလူငယ်နှစ်ဦးအား ရန်ကုန်တိုင်း၊ဝိုက်ကြီးမြို့နယ်မှတရားရုံးတခုက ထောင်ဒဏ် ၇ နှစ်စီချမှတ်ခဲ့ကြသည်။[*၂၀၁၃ ခုဧပြီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ဧပြီလတိုက်ခိုက်မှုများနှင့်ပတ်သက်၍ တရားရင်ဆိုင်နေရဆဲ ဗုဒ္ဓဘာသာဝင်နောက်ထပ် ၂၀ ခန့်ရှိနေပါသေးသည်။
- **စက်တင်ဘာ ၂၆** - ကန့်ဘလူမြို့နယ်မှမွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများနှင့်ဆက်စပ်ကာ မီးရှို့မှု၊ ရမ်းကားမှု စသည့်စွဲဆိုချက်တို့ဖြင့် ဗုဒ္ဓဘာသာအမျိုးသားလေးဦးအား စစ်ကိုင်းတိုင်းရွှေဘိုခရိုင်တရားရုံးမှ ထောင်ဒဏ် ၉ နှစ်စီချမှတ်ခဲ့ပါသည်။

'၉၆၉' လှုံ့ဆော်ရေးအသင်းများပိတ်ပင်ခံရ

စက်တင်ဘာလ ၂ ရက်နေ့တွင် အစိုးရမှကျောထောက်နောက်ခံပြုထားသော သံဃာ့မဟာနာယကအဖွဲ့ (မြန်မာနိုင်ငံဗုဒ္ဓဘာသာဘုန်းတော်ကြီးဂိုဏ်းများအားစောင့်ကြည့်ကြီးကြပ်သည့်အဖွဲ့) ကညွှန်ကြားချက်တစောင်ထုတ်ပြန်လိုက်ကာ ထိုညွှန်ကြားချက်က ၉၆၉ လှုပ်ရှားမှု၏မွတ်စလင်ဆန့်ကျင်ရေးအတွေးအခေါ်ပေါ်အခြေခံ၍ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများမှအသင်းအဖွဲ့များဖွဲ့စည်းခြင်းကို တားမြစ်လိုက်သည်။ သံဃာ့မဟာနာယကအဖွဲ့ဝင်ဆရာတော်တပါးက ဘာသာခြားများအကြားလက်ထပ်ထိမ်းမြားခြင်းကိုကန့်သတ်သည့် အဆိုပြုဥပဒေတရပ်အားရေးဆွဲခြင်းအားဖြင့် ၉၆၉ လှုပ်ရှားမှုသည်လွန်စွာဘောင်ကျော်သွားပြီဖြစ်သည်ဟု ပြောကြားလိုက်သည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အစွန်းရောက်ဘုန်းတော်ကြီး ဦးဝီရသူကသံဃာ့မဟာနာယကအဖွဲ့၏ တားမြစ်ချက်ကိုပယ်ချလိုက်ပြီး ထိုအဖွဲ့သည်ဒီမိုကရေစီနည်းမကျပါဟု ပြောဆိုလိုက်သည်။

ရွှေဝါရောင်တော်လှန်ရေးနှစ်ပတ်လည်ကျင်းပ

စက်တင်ဘာလတွင် ရွှေဝါရောင်တော်လှန်ရေး ၆ နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံ၏မြို့ကြီးနစ်မြို့တို့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကကျင်းပခဲ့ကြသည်။

- **စက်တင်ဘာ ၁၈** - ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းတခုထဲတွင် မြန်မာပြည်တလွှားမှဝါတော်ကြီးမြင့်သောဘုန်းတော်ကြီးအပါး ၁၀၀ ခန့်တို့စုဝေးခဲ့ကြပါသည်။ ဘုန်းတော်ကြီးများက၂၀၀၇ ခုနှစ်ငြိမ်းချမ်းစွာဆန္ဒပြခဲ့မှုများအား သွေးထွက်သံယိုဖြစ်အောင် အကြမ်းဖက်ဖြိုခွဲခဲ့မှုအတွက် အစိုးရမှတရားဝင်တောင်းပန်မှုပြုလုပ်ပါရန်တောင်းဆိုလိုက်ကြသည်။ သူတို့ကနိုင်ငံအတွင်းဖြစ်ပွားနေသော "လူမျိုးရေးနှင့်ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုများ" အားအဆုံးသတ်ရန်တောင်းဆိုလိုက်ပြီး ကျန်ရှိနေသေးသောနိုင်ငံရေးအကျဉ်းသားအားလုံးအားလွတ်ပေးပါရန် အစိုးရအားတိုက်တွန်းလိုက်သည်။
- **စက်တင်ဘာ ၂၆** - ဘုန်းတော်ကြီးများဦးဆောင်ခဲ့သည့်ဆန္ဒပြမှုများအား ဖြိုခွဲခဲ့မှုကိုအထိမ်းအမှတ်ကျင်းပရန်အတွက် ရန်ကုန်မြို့ရွှေတိဂုံဘုရားတွင် ဘုန်းတော်ကြီးများနှင့်တက်ကြွလှုပ်ရှားသူဒါဇင်ပေါင်းများစွာတို့ စုဝေးခဲ့ကြသည်။ မန္တလေးတွင် ဖြိုခွဲမှုအားအထိမ်းအမှတ်ကျင်းပရန် ဘုန်းတော်ကြီးအပါး ၅၀၀ ခန့်တို့ကဘုန်းတော်ကြီးကျောင်းတကျောင်းတွင်စုဝေးခဲ့ကြကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန်အတွက် အစိုးရမှထောက်ခံပါရန်နှင့်နိုင်ငံအနှံ့ဖြစ်ပွားနေသောမြေယာသိမ်းဆည်းမှုပြဿနာများအားလည်း ကိုင်တွယ်ဖြေရှင်းပါရန်တိုက်တွန်းလိုက်သည်။

ဘာကိုစစ်ဆေးမှာလဲ - အစိုးရက IAEA ၏နောက်ထပ်သဘောတူမှုစာအချုပ်ကိုလက်မှတ်ရေးထိုး

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင်ပြုလုပ်သော IAEA အဖွဲ့ဝင်နိုင်ငံများ၏နှစ်စဉ်အစည်းအဝေးပွဲ၏ အပြင်ဘက်တွင်နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ IAEA ၏နောက်ထပ်သဘောတူစာချုပ်ကို မြန်မာအစိုးရ၏နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က စက်တင်ဘာလ ၁၇ ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့သည်။ ထိုနောက်ထပ်သဘောတူစာချုပ်သည်နေပြည်တော်မှလိုက်နာရန်စတင်အသက်ဝင်လာသည်နှင့် မြန်မာနိုင်ငံရှိကြေငြာထားသောအနုမြူစွမ်းအင်နှင့်ပတ်သက်သည့်အဆောက်အအုံများအား အချိန်တိုအတွင်းအသိပေးကာ IAEA မှဝင်ရောက်စစ်ဆေးနိုင်ရန်အစိုးရမှခွင့်ပြုရမည်ဖြစ်သည်။ သို့သော်လေ့လာသူများက ထိုသဘောတူညီစာချုပ်၏ လိုက်နာကျင့်သုံးရန်အသက်ဝင်လာခြင်းသည် နေပြည်တော်၏အနုမြူစွမ်းအင်ဆိုင်ရာလုပ်ဆောင်မှုများအား နီးကပ်စွာစစ်ဆေးနိုင်မည့်ရလဒ်ကိုရလာလိမ့်မည်မဟုတ်ဟုထောက်ပြကြသည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရကငင်းတို့တွင်စစ်ဆေးရန်အတွက် မည်သည့်အနုမြူနှင့်ပတ်သက်သည့်နေရာမျှမရှိပါဟု တောက်လျှောက်ငြင်းဆိုနေသောကြောင့်ဟုဆိုပါသည်။

လူ့အခွင့်အရေး

ငြိမ်းချမ်းစွာဆန္ဒပြသူ ၁၈ ဦးထောင်ချခံရ

စက်တင်ဘာလတွင် အာဏာပိုင်များ၏ကြိုတင်ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိပဲ ဆန္ဒပြခဲ့ကြ၍ဟုဆိုကာငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသူ ၁၈ ဦးအား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ အစိုးရမှထောင်ဒဏ်များချမှတ်ခဲ့သည်။

- **စက်တင်ဘာ ၄** - ကျောက်တော်မှရိုဟင်ဂျာ IDP များအတွက် အမြဲတမ်းနေထိုင်ရန်နေရာများ တည်ဆောက်ပေးမှုကိုဆန့်ကျင်သည့် မတ်လ ၇ ရက်နေ့ကပြုလုပ်သောဆန္ဒပြမှုအားဦးဆောင်ခဲ့သည့် ဒေသဆိုင်ရာခေါင်းဆောင်များဖြစ်သည့် မလှမေ၊ ကိုမောင်ဝင်း၊ မတင်တင်အေး နှင့် မောင်သိန်းလှိုင်တို့အား ရခိုင်ပြည်နယ်၊ကျောက်တော်မြို့နယ်တရားရုံးမှ ထောင်ဒဏ်သုံးလစီချမှတ်လိုက်သည်။
- **စက်တင်ဘာ ၉** - မြေယာသိမ်းဆည်းမှုများအားဆန့်ကျင်၍ စက်တင်ဘာလ ၂ ရက်နေ့ကဆန္ဒပြခဲ့သည့်အတွက် တက်ကြွလှုပ်ရှားသူ ကိုစိုးဝေအားရခိုင်ပြည်နယ်၊သံတွဲမြို့မှတရားရုံးတခုက ထောင်ဒဏ်ကိုးလချမှတ်ခဲ့သည်။

- **စက်တင်ဘာ ၁၃** - မတ်လအတွင်းက တောင်ကုတ်မြို့တွင် ရိုဟင်ဂျာများအားအမြဲတမ်းနေထိုင်ရန်နေရာများတွင် ပြန်လည်အခြေချပေးမှုအားဆန့်ကျင်သည့်ဆန္ဒပြမှုများအတွက် ဒေသဆိုင်ရာခေါင်းဆောင်ကိုစိုးဝင်း၊ ကိုမင်းထွန်းနှင့်ကိုသန်းလွင်ထွန်းတို့အား ရခိုင်ပြည်နယ်၊တောင်ဂုတ်မြို့နယ်တရားရုံးမှ ထောင်ဒဏ်သုံးလစီချမှတ်ခဲ့သည်။
- **စက်တင်ဘာ ၂၆** - ဧပြီလ ၁၈ ရက်နေ့က ကျောက်ဖြူ-ကူမင်းရေနံနှင့်ဓါတ်ငွေ့အပြိုင်ပိုက်လိုင်းအား ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် တက်ကြွလှုပ်ရှားသူ ၁၀ ဦးအားရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တရားရုံးမှ ထောင်ဒဏ်သုံးလစီချမှတ်ခဲ့သည်။ [*၂၀၁၃ခုဧပြီလမြန်မာသတင်းလွှာ* ကိုကြည့်ပါ။]

အိုးအိမ်မဲ့ဖယ်ရှားခံရမှုများ

ရိုဟင်ဂျာလှေစီးဒုက္ခသည်များ ထိုင်းနှင့်မလေးရှားတို့သို့ရောက်ရှိ

စက်တင်ဘာလတွင် ရိုဟင်ဂျာလှေစီးဒုက္ခသည်များသည် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများသို့ ဆက်လက်ထွက်ပြေးနေခဲ့ကြသည်။

- **စက်တင်ဘာ ၁၁** - မလေးရှားနိုင်ငံသို့ဦးတည်သွားနေသော ရိုဟင်ဂျာလှေစီးဒုက္ခသည် ၂၀၀ ကျော်တို့သည် ၎င်းတို့၏လှေအားမုန်တိုင်းအတိုက်ခတ်ခံရအပြီးတွင် ထိုင်းနိုင်ငံ၊ဆတွန်းခရိုင် ကမ်းစပ်သို့ရေကူးရောက်ရှိလာကြသည်။ ထိုလှေစီးဒုက္ခသည်များက ဩဂုတ်လ ၂၆ ရက်နေ့မှစတင်ခဲ့သောခရီးစဉ်အတွင်းတွင် လူနှစ်ဦးသေဆုံးခဲ့ပါသည်ဟုပြောကြားလိုက်သည်။
- **စက်တင်ဘာ ၁၈** - မလေးရှားနိုင်ငံ၊ ပါလစ်စ်ကမ်းခြေသို့စတင်ရောက်ရှိလာသည့် လှေစီးဒုက္ခသည်ရိုဟင်ဂျာ ၉၀ ဦးအား မလေးရှားအာဏာပိုင်များကဖမ်းဆီးလိုက်ကြသည်။

နိုင်ငံတကာဆက်ဆံရေး

'မိတ်ဆွေများအဖွဲ့' - UN အထွေထွေအတွင်းရေးမှူးချုပ်မှ ရိုဟင်ဂျာများအားအကာအကွယ်ပေးရန်တိုက်တွန်း

စက်တင်ဘာလ ၂၆ ရက်နေ့၌ နယူးယောက်မြို့တွင်ပြုလုပ်နေသော ၆၈ ကြိမ်မြောက်အထွေထွေညီလာခံ၏ အပြင်ဘက်၌ မြန်မာ့မိတ်ဆွေများအဖွဲ့၏အစည်းအဝေးကိုကျင်းပခဲ့သည်။ ထိုအစည်းအဝေးအတွင်းတွင် UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက လူမျိုးရေးဘာသာရေးအကြမ်းဖက်မှုများသည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကိုဆုတ်ယုတ်ကျဆင်းစေရန် ခြိမ်းခြောက်လျက်ရှိသည်ဟုပြောကြားလိုက်ကာ ပဋိပက္ခများကိုအဓိကဖြစ်စေသောအကြောင်းအချင်းအရာများကိုကိုင်တွယ်ဖြေရှင်းရန်၊ ရိုဟင်ဂျာအပါအဝင်လူနည်းစုများ၏အခွင့်အရေးကိုကာကွယ်ရန်နှင့် ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်မှုအခွင့်အရေးကိုကိုင်တွယ်ဖြေရှင်းပေးရန် အစိုးရအားတောင်းဆိုလိုက်သည်။ မြန်မာ့မိတ်ဆွေများအဖွဲ့က ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ နိုင်ငံသားပြုမှုအပါအဝင် ရိုဟင်ဂျာများ၏နိုင်ငံရေး၊စီးပွားရေးအရ နစ်နာနေရမှုများကိုကိုင်တွယ်ဖြေရှင်းပေးပါရန် နေပြည်တော် (အစိုးရ)အားတောင်းဆိုလိုက်သည်။

ထိုင်းနှင့်မြန်မာအစိုးရအရာရှိများ စီးပွားရေးနှင့်လုံခြုံရေးကိစ္စဆွေးနွေး

နယ်ပယ်အမျိုးမျိုးတို့တွင်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအား ဆွေးနွေးနိုင်ရန်အတွက် အစိုးရအဆင့်မြင့်အရာရှိများသည် စက်တင်ဘာလတွင် ထိုင်းနိုင်ငံသို့သီးခြားခရီးစဉ်များသွားရောက်ခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဌဦးခင်အောင်မြင့်၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ပြည်ထောင်စုလွှတ်တော်ဥက္ကဌဦးရွှေမန်းတို့သည် စက်တင်ဘာလ ၄ရက်၊ ၁၇ ရက်၊ ၂၃ ရက်တို့တွင် ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နာ ဝပ်ထရာနှင့်တွေ့ဆုံရန်အတွက် ဘန်ကောက်သို့သီးခြားစီသွားရောက်ခဲ့ကြသည်။ ထိုင်းဝန်ကြီးချုပ်နှင့်တွေ့ဆုံကြစဉ်တွင်

ဦးရွှေမန်းနှင့်မင်းအောင်လှိုင်တို့သည် တနင်္သာရီတိုင်း၊ထားဝယ်စီမံကိန်းဖွံ့ဖြိုးတိုးတက်မှုအပေါ် ပူးပေါင်းဆောင်ရွက်ခြင်းအား တိုးမြှင့်ဆောင်ရွက်သွားရန်ကိစ္စကိုဆွေးနွေးခဲ့ကြသည်။ ထိုင်းနိုင်ငံတွင်ထိန်းသိမ်းထားသော ခိုလှုံခွင့်ရှာဖွေနေသူ ရိုဟင်ဂျာများကိစ္စနှင့်ပတ်သက်၍မူ ဦးခင်အောင်မြင့်ကဝန်ကြီးချုပ်ယင်လပ်အား ရိုဟင်ဂျာများအားမြန်မာနိုင်ငံသားများအဖြစ် အစိုးရမှအသိအမှတ်မပြုပါဟု ပြောကြားခဲ့သည်။ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မင်းအောင်လှိုင်သည်နှစ်နိုင်ငံနယ်စပ်သတ်မှတ်ရေးကိစ္စ၊ လူကုန်ကူးမှုကိစ္စ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုကိစ္စစသည်တို့ကိုဆွေးနွေးရန်အတွက် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး တာနာဆက် ပတီမပရာဂွန် (Tanasak Patimapragorn) နှင့်ဘန်ကောက်တွင်တွေ့ဆုံခဲ့သည်။

ဒေါ်စုဥရောပနှင့်စင်္ကာပူသို့သွားရောက်

စက်တင်ဘာလတွင် ဒေါ်အောင်ဆန်းစုကြည်သည်နိုင်ငံခြားခရီးစဉ်နှစ်ခုသွားရောက်ခဲ့ရာ တခုမှာအရှေ့ဥရောပ ၇ ရက်တာခရီးစဉ်ဖြစ်ပြီး နောက်တခုမှာ ၄ ရက်တာစင်္ကာပူခရီးစဉ်ဖြစ်ပါသည်။ [*ဒေါ်စုခရီးစဉ်* ဇယားတွင်ကြည့်ပါ။] တက်ရောက်ခဲ့သောအစည်းအဝေးများ၊ ပွဲများတွင် ဒေါ်စုသည်မြန်မာနိုင်ငံ၏ အဓိကနိုင်ငံရေး၊ စီးပွားရေးတို့နှင့်ပတ်သက်သည့် ကိစ္စများအပေါ် သူမ၏ရပ်တည်ချက်ကိုထပ်မံပြောကြားခဲ့သည်။

- **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုကိစ္စ** - ဒေါ်အောင်ဆန်းစုကြည်က ၂၀ဝ၈ အခြေခံဥပဒေသက်ရောက်မှုရှိနေသမျှကာလပတ်လုံး မြန်မာနိုင်ငံသည်ဒီမိုကရေစီနိုင်ငံမဖြစ်နိုင်ဟုပြောကြားလိုက်ပါသည်။ ထိုဖွဲ့စည်းပုံသည် ဒီမိုကရေစီတန်ဖိုးများနှင့်ဆန့်ကျင်နေကာ တိုင်းရင်းသားများ၏ရည်မှန်းချက်ဆန္ဒများနှင့်လည်းမကိုက်ညီပါဟု သူကအလေးထားပြောကြားလိုက်သည်။ ဒေါ်စုက ထိုဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၁၅ မတိုင်ခင်မပြင်ဆင်နိုင်ခဲ့ပါက မြန်မာနိုင်ငံသည်ပြဿနာများနှင့်ပိုမိုရင်ဆိုင်ရလိမ့်မည်ဟု သတိပေးလိုက်သည်။
- **ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်** - ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကိုသုံးသပ်ရာတွင် 'မျက်ကန်းအကောင်းမြင်ခြင်း' များအပေါ်သတိပေးခဲ့သည်။ သူမက မြန်မာနိုင်ငံ၏အခြေအနေအား 'အကောင်းမြင်လွန်းသည့်ပုံကားချပ်' တခုအဖြစ်ချယ်မှုန်းခြင်းမပြုပဲ 'အလွန်ဓမ္မဓိဋ္ဌာန်ကျကျ' ရှုမြင်သုံးသပ်ပါရန်နိုင်ငံတကာအသိုင်းအဝိုင်းအား တိုက်တွန်းလိုက်သည်။
- **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** - ဒေါ်အောင်ဆန်းစုကြည်က ပွင့်လင်းမြင်သာပြီးတာဝန်ယူမှုရှိသော အမူအကျင့်များဖြင့်မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံကြပါရန် စီးပွားရေးလုပ်ငန်းများအား တိုက်တွန်းလိုက်ပါသည်။ တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းမှုမရှိခြင်း၊ လူထုအဖွဲ့အစည်းအတွင်းအကြမ်းဖက်မှုများ နှင့် လွတ်လပ်မှုမရှိသောတရားစီရင်ရေးစနစ်အပါအဝင် အားနည်းသောတရားဥပဒေစိုးမိုးရေးတို့သည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအား ကြီးမားသောစိန်ခေါ်မှုများကိုဖြစ်စေကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား အတားအဆီးဖြစ်နေစေကြောင်း ဒေါ်စုကသတိပေးပြောကြားလိုက်သည်။

ဒေါ်စု၏ခရီးစဉ်

ပိုလန်

စက်တင်ဘာ ၁၀ - အရှေ့ဥရောပသို့သွားရန် ရန်ကုန်မှထွက်ခွါ

စက်တင်ဘာ ၁၁ - ဝါဆောတွင် ပိုလန်အောက်လွှတ်တော်ဥက္ကဋ္ဌအီဝါကိုပက်ဇ် (Ewa Kopacz)၊ ဆီးနိတ်ဥက္ကဋ္ဌဘိုဒန်ဘိုရူစ်ဝစ်ဇ် (Bogdan Borusewicz) တို့နှင့်တွေ့ဆုံခဲ့သည်။

စက်တင်ဘာ ၁၂ - ဝါဆောတွင် သမ္မတဘရိုနစ်လော ကိုမိုရိုစကီး (Bronislaw Komorowski) နှင့် ဝန်ကြီးချုပ်ဒေါ်နယ်တပ်စ်ခ် (Donald Tus) တို့နှင့်တွေ့ဆုံခဲ့၊ ပိုလန်သမ္မတဟောင်းလက်ရှ်ဝေလ်ဆာ (Lech Walesa) နှင့်ဆွေးနွေးခဲ့၊ သူမအား ဝါဆောဂုဏ်ထူးဆောင်မြို့သားဆုပေးအပ်သော ဝါဆောမြို့တော်ဝန်ဟန်နာဂရွန်ကီဝစ်ဇ်-ဝေါ်ဇ် (Hanna Gronkiewicz-Waltz) နှင့်တွေ့ဆုံခဲ့၊ ဝါဆောတက္ကသိုလ်တွင် လက်ချာပို့ချခဲ့။

ဟန်ဂေရီ

စက်တင်ဘာ ၁၃ - ဘူဒါပက်ဇ်တွင် ဟန်ဂေရီသမ္မတယေနော့စ်အဒါ (Janos Ader)၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏လွှတ်တော်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီး ဇော့တ်နီမက် (Zsolt Németh) တို့နှင့်သီးခြားစီတွေ့ဆုံခဲ့သည်။

ချက်သမ္မတနိုင်ငံ

စက်တင်ဘာ ၁၅ - ပရက်ဂ်တွင် ဖိုရမ် ၂၀၀၀ ညီလာခံဖွင့်ပွဲ ၌ အမှာစကားပြောကြားခဲ့၊ ဘုန်းတော်ကြီးဒလိုင်လားမားနှင့်တွေ့ဆုံခဲ့။

စက်တ်ဘာ ၁၈ - ရန်ကုန်သို့ပြန်လည်ရောက်ရှိ

စင်္ကာပူ

စက်တင်ဘာ ၂၀ - စင်္ကာပူသို့ရောက်ရှိ၊ ဝန်ကြီးချုပ်ရုံးတွင်ဝန်ကြီးဂရေ့စ်ဖူ (Grace Fu) နှင့်တွေ့ဆုံခဲ့။

စက်တင်ဘာ ၂၁ - စင်္ကာပူထိပ်သီးအစည်းအဝေးတွင်အမှာစကားပြောကြား။

စက်တင်ဘာ ၂၂ - စင်္ကာပူတွင်နေထိုင်သောမြန်မာနိုင်ငံသား ၅၀၀၀ ကျော်တို့အားမိန့်ခွန်းပြောကြား၊ စင်္ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်တွင် ခေါင်းဆောင်မှုနှင့်ပတ်သက်သည့် လက်ချာပေးခဲ့။

စက်တင်ဘာ ၂၃ - ဝန်ကြီးချုပ်လီရှင်လွန်း (Lee Hsien Loong)၊ သမ္မတတိုနီတန် (Tony Tan)၊ ဂုဏ်ထူးဆောင်အဆင့်မြင့်ဝန်ကြီးဂိုချုပ်ထောင် (Goh Chok Tong)၊ လွှတ်တော်ဥက္ကဋ္ဌဟာလီမာ့ယာကွတ် (Harlimah Yacob) တို့နှင့်သီးခြားစီတွေ့ဆုံခဲ့၊ ပညာရေးဝန်ကြီးဌာန၏ စင်္ကာပူပညာရေးစနစ်နှင့်ပတ်သက်သည့်ရှင်းလင်းပြောကြားမှု၊ ခြစားမှုများအားစုံစမ်းရေးဗျူရို၏ ခြစားမှုတိုက်ဖျက်ရေးပေါ်လစီများနှင့်ပတ်သက်သည့် ရှင်းလင်းပြောကြားမှုများကိုနားထောင်ခဲ့။

စက်တင်ဘာ ၂၄ - ရန်ကုန်သို့ပြန်လည်ရောက်ရှိ

စီးပွားရေး

နိုင်ငံခြားတွင်ထားထားသည့်ငွေကြေးများကိစ္စ အစိုးရမှဝန်ခံခဲ့

စက်တင်ဘာလစောစောပိုင်းတွင် ဝါရှင်တန်အခြေစိုက် ဘဏ်အချက်အလက်များဗဟို (BIC) မှအရာရှိတဦးက စင်္ကာပူရှိဘဏ်ငွေစာရင်းများထဲတွင် အစိုးရမှနိုင်ငံခြားအရံငွေ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယမ်ထားရှိထားသည်ဟုစွပ်စွဲပြောဆိုလိုက်သည်။ ထိုကိန်းဂဏန်းသည် ၂၀၁၂ ခုနှစ်ဧပြီလနှင့်မတ်လတို့တွင် BIC အရာရှိနှင့်ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးမှုဘဏ် (ADB)တို့တွေ့ဆုံစဉ်အတွင်း ထိုဘဏ်ဝန်ထမ်းများမှပေးသောအချက်အလက်များအပေါ်တွင် အခြေခံထားခြင်းဖြစ်ပါသည်။

စက်တင်ဘာလ ၁၂ ရက်တွင် သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က နေပြည်တော် (အစိုးရ) သည် များပြားလှသောနိုင်ငံခြားအရံငွေပမာဏကိုထားရှိထားသည်ဟူသော စွပ်စွဲချက်ကိုလုံးဝငြင်းဆိုပယ်ချခဲ့သည်။ သို့သော်လည်း စက်တင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်က နိုင်ငံခြားဘဏ်ငွေစာရင်းများတွင် နိုင်ငံတော်ဘတ်ဂျက်ငွေကြေးအပါအဝင် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ဘဏ်များမှ အရံနိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၇.၆ ဘီလီယမ်ထားထားပါသည်ဟု ဝန်ခံပြောကြားခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလျင်မြန်စွာတိုးတက်လာ

စက်တင်ဘာလတွင် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တနှစ်လုံးက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယမ်ရှိခဲ့သည်နှင့်နှိုင်းယှဉ်လျှင် (ဧပြီလတွင်စတင်သော) ၂၀၁၃ - ၁၄ ဘဏ္ဍာရေးနှစ်၏ ပထမငါးလအတွင်းတွင်ပင် အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယမ်ရှိခဲ့သည်ကို မြန်မာအစိုးရကအတည်ပြုခဲ့သည်ဟု သတင်းများရရှိခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုတော်တော်များများသည် အာရှနိုင်ငံများမှဖြစ်ကာမလေးရှားသည်စာရင်းထိပ်ဆုံးတွင်ရှိနေခဲ့ပြီး ၎င်းနောက်တွင်ဟောင်ကောင်နှင့်တောင်ကိုရီးယားတို့ရှိနေပါသည်။ အသစ်ဝင်လာသောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ တဝက်ခန့်မှာ ကုန်ထုတ်လုပ်ရေးအပိုင်းတွင်ဖြစ်ပါသည်။

စက်တင်ဘာလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	သမ္မတဦးသိန်းစိန်နှင့်မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီအဖွဲ့ဝင်များသည် နေပြည်တော်အစည်းအဝေးအတွင်းတွင် မီဒီယာနှင့်ပတ်သက်သည့်ဥပဒေကိုဆွေးနွေးခဲ့ကြသည်။
၁	UN အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး ဗီဂျေနမ်ဘီးယားသည် လူမျိုး၊ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများ၏ဒဏ်ကိုခံခဲ့ရသော ရခိုင်ပြည်နယ်မှပေါက်တော၊စစ်တွေ၊မောင်တောနှင့်သံတွဲမြို့နယ်များသို့ သွားရောက်ခဲ့သည်။
၁	နိုင်ငံသို့ပြောကြားသောလစဉ်ရေဒီယိုမိန့်ခွန်းတွင် သမ္မတဦးသိန်းစိန်က ၁၉၈၈ဒီမိုကရေစီရေးအုံကြွမှုသည် မြန်မာနိုင်ငံ၏နိုင်ငံရေးသမိုင်းတွင် အရေးကြီးသောလုပ်ရှားမှုတခုဖြစ်ပါသည်ဟု အသိအမှတ်ပြုပြောကြားလိုက်သည်။
၂	ရှမ်းပြည်နယ် တောင်ကြီးတွင်ပြုလုပ်သောလူထုအစည်းအဝေးပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက မြန်မာနိုင်ငံ

	၏ ဖက်ဒရယ်စနစ်အား သူ၏ထောက်ခံမှုကိုအလေးထားပြောဆိုလိုက်သည်။
၃	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းသည် ရှမ်းပြည်နယ် ကျိုင်းတုံတွင် UWSA ကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။
၄	တရုတ်စွမ်းအားရင်းနီးမြုပ်နှံမှုညွှန်ကြားရေးမှူးဝမ်ကွီယူ Wang Qiyue ကမြန်မာနိုင်ငံတွင်နောက်တက်လာမည့် အစိုးရသည် ကချင်ပြည်နယ်မှမြစ်ဆုံရေကာတာစီမံကိန်းကို ပြန်လည်လုပ်ဆောင်ရန် ခွင့်ပြုလိမ့်မည်ဟုသူမျှော်လင့်ကြောင်း ပြောကြားလိုက်သည်။
၄	ကချင်ပြည်နယ်၊မြစ်ကြီးနားမှရဲများသည် အသက် ၁၆ နှစ်အရွယ်ကချင်အထက်တန်းကျောင်းသားလေးအား ဖမ်းဆီး၍နှိပ်စက်ခဲ့ကြသည်။
၄	သမ္မတဦးသိန်းစိန်က မြန်မာစာနယ်ဇင်းကောင်စီအား ကျပ်သိန်း ၅၀၀ (အမေရိကန်ဒေါ်လာ ၅၁၀၀၀) လှူဒါန်းခဲ့သည်။
၆	၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်မှုအပေါ် အကြံပြုချက်များပေးရန်တာဝန်ရှိသည့် ၇ ဦးပါကော်မတီကို NLD ကဖွဲ့စည်းလိုက်သည်။
၆	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက်မှ အကြမ်းဖက်အဖွဲ့အစည်းများနှင့်အဆက်အသွယ်ရှိနေသည့် နိုင်ငံမဲ့နေသူများ၏ခြိမ်းခြောက်မှုကို မြန်မာနိုင်ငံခံနေရသည်ဟုပြောကြားလိုက်သည်။
၆	NLD ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းက နောက်ကွယ်မှလူအချို့သည် မြန်မာနိုင်ငံအနှံ့မှဘာသာရေးအကြမ်းဖက်မှုများကို လှုံ့ဆော်ပေးနေသည်ဟု ပြောကြားလိုက်သည်။
၇	မန္တလေးတိုင်း၊မိတ္ထီလာမြို့နယ်မှ ဒေသခံအချို့သည် မတ်လကမိတ္ထီလာတွင်ဖြစ်ပွားခဲ့သော မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများအား သက်သေပြုပြောကြားခဲ့သည့် NLD မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းထိန်အား ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ရန်အတွက်အစိုးရရွေးကောက်ပွဲကော်မရှင်သို့ တောင်းဆိုရန်လက်မှတ်များစတင်စုဆောင်းနေကြသည်။
၈	ရုံးခွဲ ၅၀၀ အထက်ရှိနေပြီဖြစ်သော အခမဲ့နာရေးကူညီမှုအသင်းက ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ လူထုအဖွဲ့အစည်းများအပေါ် ကန့်သတ်မှုများပါဝင်သည့် အသင်းအဖွဲ့ဥပဒေကြမ်းကို ဝေဖန်လိုက်သည်။
၈	ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်မှ ကျောက်ဖြူအထူးစီးပွားရေးဇုံစီမံကိန်းအတွက် အလားအလာရှိသောရင်းနှီးမြုပ်နှံသူများအတွက် ကန်ထရိုက်စာချုပ်များရေးဆွဲရန် အကြံပေးကုမ္ပဏီများအား အစိုးရကတင်ဒါစတင်ခေါ်လိုက်ပြီဖြစ်ပါသည်။
၈	ရန်ကုန်တိုင်းဝန်ကြီးချုပ်ဦးမြင့်ဆွေက ရွှေဝါရောင်တော်လှန်ရေးအား ဖြိုခွဲခဲ့မှုတွင်ပါဝင်ပတ်သက်ခဲ့ခြင်းအား ငြင်းဆိုလိုက်ကာ သူ့အနေဖြင့်စုံစမ်းစစ်ဆေးမှုကိုခံယူရန် ဆန္ဒရှိကြောင်းပြောကြားလိုက်သည်။
၉	လွှတ်တော်ကိုအောက်တိုဘာလ ၁ ရက်နေ့တွင်ပြန်လည် စတင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်ရေဒီယိုနှင့် TV တို့မှကြေငြာခဲ့သည်။
၉	သမ္မတဦးသိန်းစိန်က SNDP မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်အုန်းအား အစိုးရဟော်တယ်နှင့်ခရီးသွားလာရေးဒုတိယဝန်ကြီးအဖြစ်ခန့်အပ်လိုက်သည်။
၉	လမ်းဆောက်လုပ်ရန်မြေယာသိမ်းယူမှုများအတွက် လျော်ကြေးပေးရန်ပျက်ကွက်ခဲ့သော အီတာလျံ-ထိုင်းကုမ္ပဏီအားဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုံသို့သွားသောအဓိကလမ်းကြီးအား တနင်္သာရီတိုင်း၊ရေဖြူမြို့နယ်၊ သပြုချောင်းကျေးရွာဒေသခံများကပိတ်ဆို့လိုက်ကြသည်။
၉	အစိုးရကဦးသန်းဆွေနှင့်ဦးသောင်းညွှန့်တို့အား သမ္မတ၏နိုင်ငံရေးအကြံပေးနှင့် ဥပဒေအကြံပေးအဖြစ် အသီးသီးခန့်အပ်ခဲ့သည်။
၁၀	သမ္မတရုံးမှအရာရှိတဦးက သမ္မတဦးသိန်းစိန်မှနိုင်ငံရေးပါတီအသစ်တခုထောင်ရန် ရည်ရွယ်လုပ်ကိုင်နေသည်ဆိုသောသတင်းကို အခြေအမြစ်မရှိသည့် ကောလဟာလဟုဆိုကာ ပယ်ချခဲ့သည်။
၁၀	ခိုလှုံရာရှာဖွေနေသောရိုဟင်ဂျာ ၂၈ ဦးတို့သည် ထိုင်းနိုင်ငံ၊ဆွန်ခလာခရိုင် လဝကထိန်းသိမ်းရေးစခန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။
၁၁	အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေးသည် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် ၆.၈%တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။
၁၁	အစိုးရအာဏာပိုင်များက ကရင်တက်ကြွလှုပ်ရှားသူနော်အုံးလှအား စစ်ကိုင်းတိုင်း၊မုံရွာအကျဉ်းထောင်မှ မန္တလေးတိုင်းအိုးဘိုအကျဉ်းထောင်သို့ပြောင်းရွှေ့ခဲ့သည်။
၁၂	မလေးရှားနိုင်ငံမှ အထောက်အထားမရှိသောမြန်မာအလုပ်သမားများအား တရားစွဲဆိုခြင်းမရှိပဲမြန်မာနိုင်ငံသို့ပြန်ပို့ရန် မြန်မာအစိုးရနှင့်မလေးရှားအစိုးရတို့ သဘောတူပြီးဖြစ်ကြောင်း အစိုးရအလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဦးအေးမြင့်ကပြောကြားလိုက်သည်။
၁၃	စစ်ကိုင်းတိုင်း၊ဆားလင်းကြီးမြို့နယ်မှ မုံရွာကြေးနီစီမံကိန်းချဲ့ထွင်ခြင်းအတွက် မြေယာလျော်ကြေးငွေစုစုပေါင်း ၃.၁ ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၃.၂ သန်း) ကိုစုစုပေါင်းလယ်သမား ၁၁၆၃ ယောက်တို့မှ လက်ခံရယူပြီးဖြစ်သည်ဟု အစိုးရပိုင် New Light of Myanmar သတင်းစာကဖော်ပြလိုက်သည်။

၁၄	မင်းကိုနိုင်နှင့်ကိုကိုကြီးတို့ဦးဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်တွင် သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ကြသည်။
၁၅	USDP ဒုတိယဥက္ကဋ္ဌဦးဌေးဦးက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ခြင်းသည် မြန်မာနိုင်ငံ၏အချုပ်အချာအာဏာကိုအန္တရာယ်ရှိစေနိုင်သည်ဟု သတိပေးလိုက်ကာ ဒေါ်အောင်ဆန်းစုကြည်သမ္မတမဖြစ်စေရန်အတွက် သူမအားပစ်မှတ်ထား၍ရေးသားထားသည့် ပြဌာန်းချက်ဖြစ်သည်ဟူသော ယူဆချက်ကိုလည်းငြင်းပယ်ခဲ့သည်။
၁၆	CNP ပါတီဥက္ကဋ္ဌဦးဇန်ကျင်ပေါ ခေါ် ဦးဇိုဇမ်က ချင်းပြည်နယ်၊တီးတိန်မြို့နယ်ရှိ တရုတ်နိုင်ငံ North Mining Investment မှအကောင်အထည်ဖော်ဆောင်ရွက်နေသော မွီတောင်မိုင်းစီမံကိန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိပါရန်တောင်းဆိုလိုက်သည်။
၁၆	အဖွဲ့နှစ်ဖွဲ့အကြားမှ အနာဂတ်ဆွေးနွေးပွဲများအတွက် အခြေခံလုပ်ငန်းများချမှတ်နိုင်ရန် အစိုးရနှင့် KIO အကျိုးဆောင်အဖွဲ့တို့သည် ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့တွင် ၂ ရက်ကြာဆွေးနွေးပွဲကိုစတင်လိုက်ကြသည်။
၁၇	ခြစားမှုတိုက်ဖျက်ရေးဥပဒေသည် ကျင့်သုံးရန်အသက်ဝင်လာပြီဖြစ်ပါသည်။
၁၇	အစိုးရစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဦးမြင့်လှိုင်က လုပ်ငန်းများသည် မြန်မာနိုင်ငံအနံ့မှမြေယာသိမ်းယူထားမှု အားလုံး၏ ၂၄.၃% ကိုသာအသုံးပြုခဲ့သည်ဟု ပြောကြားလိုက်သည်။
၁၈	နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးမာရေးမက်ကာလီ Murray McCully ကရန်ကုန်မြို့တွင် သံရုံးဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။
၁၉	လယ်သမားများ၏ မြေယာသိမ်းဆည်းမှုအားဆန့်ကျင်ဆန္ဒပြမှုကို ထောက်ပံ့ကူညီခဲ့သည့်တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးရန်အတွက် ညကြီးမင်းကြီးအရမ်းကာရော စီးနင်းဝင်ရောက်ခဲ့မှုကြောင့် နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာတွင် ဒေသခံရွာသားများနှင့်ရဲတို့တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။
၂၀	ဂျပန်နိုင်ငံနိဆန်းကုမ္ပဏီက မလေးရှားနိုင်ငံမှ Tan Chong Motor Holdings ကုမ္ပဏီနှင့် ပူးပေါင်း၍ ၂၀၁၅ခုတွင် မြန်မာနိုင်ငံ၌ ကားများထုတ်လုပ်သွားမည်ဟုကြေငြာလိုက်သည်။
၂၁	နိုင်ငံတကာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အဖြစ် လူထုအဖွဲ့အစည်း ၆၀ ခန့်မှလူ ၃၀၀ ခန့်တို့သည် ရန်ကုန်ရှိမြို့နယ် ၈ ခုတို့အားဖြတ်၍ ချီတက်လမ်းလျှောက်ခဲ့ကြသည်။
၂၃	စက်ရုံပိတ်သိမ်းသည့်အတွက်လျော်ကြေးနှင့်ပတ်သက်၍ အလုပ်ရှင်နှင့်သဘောတူညီချက်ရရှိပြီးနောက် ရန်ကုန်မြို့၊ဒဂုံဆိပ်ကမ်းမြို့နယ် ဟုန်ရှင်းစက်ရုံမှအလုပ်သမား ၁၀၀ ခန့်တို့သည်နှစ်ရက်တာဆန္ဒပြမှုကို အဆုံးသတ်ခဲ့ကြသည်။
၂၃	စစ်ကိုင်းတိုင်း၊ဟုမ္မလင်းမြို့နယ်မှ တမံသီရေအားလျှပ်စစ်စီမံကိန်းကြောင့် နေအိမ်များမှဖယ်ရှားပေးခဲ့ရသည့်ရွာသားများသည် ဖွန်လကာအိန္ဒိယအစိုးရမှ ထိုစီမံကိန်းအားရပ်ဆိုင်းရန်ဆုံးဖြတ်ချက်ကြောင့် သူတို့၏မူလကျေးရွာများတွင် ပြန်လည်နေထိုင်ခွင့်ပြုရန်အတွက် အစိုးရအာဏာပိုင်များအားတောင်းဆိုရန်သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြသည်။
၂၃	ရန်ကုန် သင်္ဃန်းကျွန်းမြို့နယ်တွင်နေထိုင်သူ ၂၀၀ ကျော်ခန့်တို့သည် ၁၉၉၀ စောစောပိုင်းကာလများက အစိုးရအာဏာပိုင်များမှပြုလုပ်ခဲ့ကြသည့် အတင်းအကြပ်နေရာပြောင်းရွှေ့စေခဲ့ခြင်းနှင့်မြေသိမ်းယူခဲ့ခြင်းများအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။
၂၄	မွန်ပြည်နယ်၊သထုံမြို့ ဓါတ်အားပေးစက်ရုံမှဂတ်စ်တာဘိုင်အဟောင်းအား လဲလှယ်ရန်ကူညီသည့်အနေဖြင့် အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၄၀ ထုတ်ချေးရန်ဌင်း၏အမှုဆောင်ဒါရိုက်တာများဘုတ်အဖွဲ့မှ အတည်ပြုလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှကြေငြာလိုက်သည်။
၂၄	တနင်္သာရီတိုင်း၊လောင်းလုံမြို့နယ်၊ရင်ဘုတ်ကျေးရွာတွင်နေထိုင်သူများက တရုတ်နိုင်ငံမှ Guangdong Zhenrong စွမ်းအင်ကုမ္ပဏီ၊ မြန်မာနိုင်ငံမှ ထူး ကုမ္ပဏီနှင့်အစိုးရကျောထောက်နောက်ခံပြုဦးပိုင်ကုမ္ပဏီတို့မှ ဖက်စပ်တည်ဆောက်မည့် ရေနံချက်စက်ရုံတည်ဆောက်ခြင်းအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။
၂၄	ပဋိပက္ခများအတွင်းဖြစ်ပွားနေသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအားရှုံ့ချထားကာ ကျူးလွန်သူများအားလွတ်ငြိမ်းခွင့်ပေးခြင်းကိုတားမြစ်ထားသည့် ၆၈ ကြိမ်မြောက် UN အထွေထွေညီလာခံအတွင်း UK နိုင်ငံခြားရေးဝန်ကြီးဝီလီယမ်ဟေ့ခ် William Hague မှစတင်အဆိုပြုခဲ့သည့် ကြေငြာချက်ကိုမြန်မာအစိုးရမှ လက်မှတ်ထိုးရန်ပျက်ကွက်ခဲ့သည်။
၂၅	ရှမ်းပြည်နယ်မြောက်ပိုင်း၊ကွတ်ခိုင်မြို့နယ်၊မိုင်းပန်ကျေးရွာမှ အသက် ၆၂ နှစ်အရွယ်ရှိအရပ်သားတဦးအား အစိုးရတပ်များက ပစ်သတ်ခဲ့ကြသည်။
၂၅	စစ်ကိုင်းတိုင်း၊ဆားလင်းကြီးမြို့နယ်ရှိမုံရွာကြေးနီမိုင်းစီမံကိန်းအား ရွာသူရွာသား ၄၀၀ ခန့်တို့ကဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။
၂၆	မြန်မာနိုင်ငံသို့ ၃ ရက်တာခရီးစဉ်အပြီးတွင် အမေရိကန်သမ္မတဟောင်းဂျင်မီကာတာ Jimmy Carter၊ ဖင်လန်သမ္မတဟောင်းမာတီအက်သီဆာနီ Marti Ahtisaani နှင့်နော်ဝေးဝန်ကြီးချုပ်ဟောင်းဂရိုဟာလမ်ဘရွန်လန်ဒ် Gro Harlem Brundtland တို့ပါဝင်သော The Elders (ကမ္ဘာ့ခေါင်းဆောင်ဟောင်းများ) အဖွဲ့ကနိုင်ငံတွင်းတွင်ဖြစ်ပွားလျက်ရှိသော မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများအားကျူးလွန်သူများကိုအရေယူခြင်းမရှိမှုကို အဆုံးသတ်ပါရန်တောင်းဆိုသည့် ကြေငြာချက်တစောင်ကိုထုတ်ပြန်လိုက်သည်။
၂၇	ဒေါ်အောင်ဆန်းစုကြည်သည် NLD တည်ထောင်ခြင်း ၂၅ နှစ်မြောက်အခမ်းအနားကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်

	ဆင်ရန် တက်တက်ကြွကြွပန်ကြားချက်နှင့်အတူ ကျင်းပခဲ့သည်။

စက်တင်ဘာလအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"မြန်မာနိုင်ငံနောက်ဆုံးအခြေအနေ - ပြင်းထန်သောရာဇဝတ်မှုများဆက်လက်ဖြစ်ပွား" Altsean-Burma http://bit.ly/18xzKQ7

"ဘယ်သူ့သေနတ်တွေအသံငြိမ်သွားသလဲ - မြန်မာနိုင်ငံ၏ကျိုးပဲ့နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ခွဲခြမ်းစိတ်ဖြာခြင်း" မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) http://bit.ly/1fLcQtW

"မျဉ်းတကြောင်းရေးဆွဲခြင်း" ရွှေဂတ်စ်လှုပ်ရှားမှုအဖွဲ့ (Shwe Gas Movement) http://bit.ly/1bVmSbL

"မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေ" UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း http://bit.ly/18mi4qL

"ရွှေ့ပြောင်းမှုဆိုင်ရာအချက်အလက် မှတ်တမ်း ၂၁ - ၂၀၁၃ခု စက်တင်ဘာလ" ရွှေ့ပြောင်းမှုဆိုင်ရာနိုင်ငံတကာအဖွဲ့ (IOM) http://bit.ly/1763RQe

"ပုန်းကွယ်နေသောကုန်ကျမှုများ - ထိုင်းနိုင်ငံပုဇွန်လုပ်ငန်းမှလူ့အခွင့်အရေးချိုးဖောက်မှုများ" သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုဖောင်ဒေးရှင်း Environmental Justice Foundation (EJF) http://bit.ly/1h4Cmbr

"ခြုံငုံသောဖွံ့ဖြိုးမှုအညွှန်းများ၏အလုပ်ဘောင် - အာရှနှင့်ပစိဖိတ်အတွက်အဓိကအညွှန်းများ" အာရှဖွံ့ဖြိုးရေးဘဏ် (ADB) http://bit.ly/1dNq3As

"မြန်မာနိုင်ငံမှတရုတ်ရင်းနှီးမြှုပ်နှံမှု - ဘာဆက်ဖြစ်မလဲ" စတင်မ်ဆန် စင်တာ (Stimson Center) http://bit.ly/15xtsOo

"မြန်မာနိုင်ငံမှငြိမ်းချမ်းရေးလုပ်ငန်းစဉ်မပါသောအပစ်အခတ်ရပ်စဲမှု - ရှမ်းပြည်တပ်မတော်၊ ၁၉၈၉ - ၂၀၁၁" ရိုးရာမဟုတ်သောလုံခြုံရေးလေ့လာမှုအတွက်စင်တာ (Centre for Non-Traditional Security Studies) http://bit.ly/16uArhh

"မြန်မာနိုင်ငံမှ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ" အာရှဖောင်ဒေးရှင်း http://bit.ly/1eLqA97